## သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)
## ၂၀၂၃ ခုနှစ်၊ နှစ်ပတ်လည်အစည်းအဝေး ထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၉)ရက်

အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်(CEC)များ၊ ဗဟိုဦးစီးကော်မတီဝင်(CLC)များ၊ ဗဟိုကော်မတီဝင်(CC)များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်း (၂၅၆)ဦး တက်ရောက်သည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)၏ ၂၀၂၃ ခုနှစ်၊ နှစ်ပတ်လည်အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၆-၂၈)ရက်များတွင် ဗဟိုဌာနချုပ် လွယ်တိုင်းလျဲန်း၌ အောင်မြင်စွာ ကျင်းပခဲ့ပြီး အောက်ပါ ကြေညာချက်ကို ထုတ်ပြန်ပါသည်။

၁။ အဆိုပါ အစည်းအဝေးတွင် ဌာနအသီးသီးက တင်ပြသည့် တစ်နှစ်တာ လုပ်ငန်းအစီရင်ခံစာများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ လက်ရှိနိုင်ငံရေး၊ စစ်ရေး၊ ငြိမ်းချမ်းရေး အခြေအနေများနှင့် အခြားလုပ်ငန်း အခြေအနေများအား ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်ဆွေးနွေးပြီး ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့သည်။

၂။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြဿနာ ဖြေရှင်းနိုင်ရေးအတွက် RCSSအနေဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီး နိုင်ငံရေးပြဿနာကို တွေ့ဆုံဆွေးနွေးခြင်း နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်မှသာ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ပြဿနာများကို ဖြေရှင်းနိုင်မည်။

၄။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာ ဖြေရှင်းနိုင်ရေးအတွက် အာဆီယံအနေဖြင့် အလေးအနက်ထားပြီး ကြားဝင် ဖြေရှင်းပေးနိုင်ရန် တိုက်တွန်းသည်။

၅။ သျှမ်းပြည်အမျိုးသား စည်းလုံးညီညွတ်ရေး ရေရှည်တည်တံ့ ခိုင်မြဲရန် ကြိုးပမ်းဆောင်ရွက်သွားမည်။

၆။ RCSS ထိန်းချုပ်သည့် နယ်မြေများအတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း၊ အွန်လိုင်းငွေကြေးလိမ်လည်ခြင်း(ကျားဖြန့်) ပိတ်ပင်တားဆီးရေး လုပ်ငန်းနှင့် လူကုန်ကူးမှု တားဆီးရေးလုပ်ငန်းတို့ကို ကြိုးပမ်းဆောင်ရွက်သွားမည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

ဆက်သွယ်ရန်-
၁။ ဗိုလ်မှူး ခမ်းစံ- +၆၆ ၆၄၉ ၇၀၄ ၀၆၁
၂။ ဒုတိယ ဗိုလ်မှူးကြီး အုမ်ခေး - +၆၆ ၆၃၁ ၂၈၈ ၉၄၅၊ +၉၅ ၉၆၅ ၀၄၁ ၇၃၆၀